UNHCR
The UN Refugee Agency

# ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်/ မြန်မာနိုင်ငံ

## AA နှင့် တပ်မတော် တိုက်ပွဲများနှင့်ဆက်နွယ်သည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို တုံ့ပြန်ကူညီခြင်း

(၂၀၂၄) ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ

၂၀၁၉ ခုနှစ်မှ စ၍ AA နှင့် တပ်မတော်တို့ကြား ဖြစ်ပွားခဲ့သည့်တိုက်ပွဲများကြောင့် ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၆) မြို့နယ်တွင် တိုက်ပွဲရှောင်ဦးရေ (၃၇၃,၇၃၃) ဝန်းကျင် နေရပ်စွန့်ခွာနေရသည်။ ထပ်မံ၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် (၂၃,၂၂၀) ဦးခန့် နေရပ်ရှောင်ခွာရသည်ကြောင့် စုစုပေါင်းဦးရေ (၃၉၆,၉၅၃) ဦးရှိလာခဲ့သည်။ ထိုထဲကမှ စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးရ အချက်အလက်အရ (၃၆၆,၂၄၉) ဦးသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်နေ့မှစပြီး တိုက်ပွဲများ ပြန်လည်အရှိန်မြင့်လာသောကြောင့် နေရပ်စွန့်ခွာလာရခြင်းဖြစ်သည်။ UNHCR သည် အခြားသော UN အဖွဲ့အစည်းများ၊ မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲလျက် အဆိုပါလူသားချင်းစာနာမှုလိုအပ်ချက်များကို တုန့်ပြန်ကူညီနေပြီး ထိခိုက်ခံစားခဲ့ရသူ လူထုတို့အား အထောက်အပံ့များကို ဆက်လက်ထောက်ပံ့နေသည်။

(၂၀၂၄) ခုနှစ်၊ ဇန်နဝါရီလမှ လက်ရှိကာလအတွင်း၌ UNHCR သည် မြောက်ဦး၊ ကျောက်တော်၊မင်းပြား၊ မြေပုံ၊ စစ်တွေ၊ ပလက်ဝ၊ ဘူးသီးတောင်နှင့် မောင်းတောမြို့နယ်များရှိ တိုက်ပွဲရှောင်ဦးရေ (၅၉,၄၉၃) ဦးခန့်ထံ အစားအစာမဟုတ်သည့် ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ အရေးပေါ် ယာယီအမိုးအကာများ၊ အမျိုးသမီးသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းနှင့် ဆိုလာမီးအိမ်များပါဝင်သည့် အဓိက ကူညီကယ်ဆေးရေးပစ္စည်းများကို ပေးပို့ထောက်ပံ့ထားသည်။

### ဇန်နဝါရီလမှ - စက်တင်ဘာလ အတွင်း ထောက်ပံ့မှုဆိုင်ရာ အဓိကအချက်များ

**ထောက်ပံ့ခဲ့သည့် လူဦးရေ**

59,493 ဦး
12,612 အိမ်ထောင်စု

**ထောက်ပံ့ခဲ့သည့် နေရပ်စွန့် ခွာ စခန်းပေါင်း**

196 ရခိုင်ပြည်နယ်ထဲရှိ ကူညီထောက်ပံ့ခဲ့သောနေရပ်စွန့်ခွာ စခန်းများ

(မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ စစ်တွေ၊ ပလက်ဝ၊ ဘူးသီးတောင် နှင့် မောင်းတော မြို့နယ်များ)

**NFI (၂၀၂၄) ခုနှစ်အတွင်း လူဦးရေ 50,595 ဦးသည် အဓိက ပြန်လည်ထူထောင်ရေး အထောက်အပံ့များ ရရှိခဲ့သည်။**

- 18,831 အခင်းဖျာ
- 23,777 ခြုံစောင်
- 14,766 ခြင်ထောင်
- 5,203 ရေပုံး
- 3,682 အိုးခွက် ပန်းကန်ထုပ်
- 5,705 သောက်ရေဗူး
- 337 အမျိုးသမီးသုံးပစ္စည်း
- 1,144 အဝတ်အစားထုပ်
- 4,020 ဆိုလာမီးအိမ်
- 1,656 တစ်ကိုယ်ရေသုံးပစ္စည်း
- 3,708 အနွေးထည်

**ယာယီအမိုးအကာ အထောက်အပံ့အဖြစ် 10,931 ဦးကို ၂၀၂၄ ခုနှစ်မှာထောက်ပံ့ခဲ့**

- 12,068 မိုးကာ(တာလပတ်စ)
- 21,350 ဝါး
- 1,087 နိုင်လွန်ကြိုး
- 1,708 သစ်၊ မျောတိုင်
- 2,400 သွပ်ချပ်




ဤဖော်ပြပါ မြေပုံတွင် အသုံးပြုထားသော နယ်နမိတ်အကျယ်အဝန်းများ၊ အမည်များနှင့် သတ်မှတ်ချက်များသည် ကုလသမ္မဂမှ တရားဝင် အတည်ပြုထားခြင်း သို့မဟုတ် လက်ခံထားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။





ဩစတြေးလျ၊ ဂျာမနီ ၊ အီတလီ ဂျပန်၊ နယ်သာလန် နော်ဝေ ဆီဒင် ဆွစ်ဇာလန် ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု၊ကိုရီးယား၊ ECHO၊ CERF တို့မှ ရက်ရောစွာ ပံ့ပိုးကူညီမှုအတွက် UNHCR မှ ကျေးဇူးတင်ရှိပါသည်။

* မိမိနေရပ်ကျေးရွာများသို့ ပြန်သွားကြပြီဖြစ်သည့် IDP များအားလည်း ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

၃၁ ရက် အောက်တိုဘာလ ၂၀၂၄ တွင် အပ်ဒိတ်လုပ်ထားသည်။ myasiim@unhcr.org သို့ လိပ်မှုအကြံပြုနိုင်ပါသည်။